လင်္ကာဒီပ စာအုပ်တိုက်

# ချစ်ဦးညို

## မြို့မငြိမ်း

နှင့်

## ဂလိုဘယ်လိုက်ဇေးရှင်း

တေးသီချင်းခံစားမှုစာစုများ



ဒုတိယအကြိမ်

# စာရေးသူ၏ ပဏာမစကား

အနုပညာပစ္စည်းတစ်ခုကို ဖန်တီးထုတ်လုပ်သော အလုပ်ဖြစ်စဉ်သည် မလွယ်ကူပါ။ ခက်ပါသည် ။ ထိုအနုပညာပစ္စည်းကို ဝေဖန်သုံးသပ်ခြင်းမှာ လည်း မလွယ်ပါ။ ခက်ပါသည် ။ သူနယ်နှင့် သူ အဆင့်တိုင်း အဆင့်တိုင်းမှာ စာဖြင့်၊ စကားဖြင့် ဖော်ထုတ်ဖွင့်ဆိုဖို့ ဆိုသည် မှာ လည်း အတော်ကြိုး စားယူရသော အလုပ်ဖြစ်လေသည် ။

'အနုပညာဆိုသည် မှာ ...'ဟူသော မေးခွန်းကို ကျေနပ်လောက်အောင် အဖြေပေးဖို့ ယခုအထိ ကြိုးစားနေကြဆဲ ဖြစ်သည် ။ ထင်ရှားသော ဟောလီးဝုဒ်ရုပ်ရှင် ဒါရိုက်တာကြီးတစ်ယောက်က 'ရုပ်ရှင်ဟာ အနုပညာဟုတ်ရဲ့ လားလို့ ကျွန်ုပ် စဉ်းစားနေပြီ'ဟု ထုတ်ဖော်ပြောဆိုဖူးသည် ။

ကျောက်ဂူနံရံရုပ်ပုံမှ အင်စတော်လေးရှင်းအထိ၊ ပါဖော်မ်းမဲင့်စ်အထိ။

အူးအားဟစ်သံ၊ တုံးခေါက်သံနှင့် ဒိုင်းမျက်နှာပြင်ပေါ် လှံရိုးဖြင့် ရိုက်သံမှ ရော့ခ်၊ ဟစ်ဟော့၊ အောလ်တားနေးတစ်၊ ဒီဂျေ အထိ။

သားကောင်လိုက် ဟန်လှုပ်ရှားမှုမှ အခိုးအလျှံ ကကွက်အထိ။

သဘာဝပုံတူအက္ခရာ အစင်းအကြောင်းမှ သရုပ်မှန် ပဉ္စလက်အထိ။

အနုပညာဟူသော အရာ၏ ဖြစ်စဉ်မှာ ထွေပြားလွန်းလှသည် ။ သီဝ

ရှိအမျိုးမျိုး၊ အယူအမျိုး မျိုး၊ သည် ကြားထဲ 'အိုင်တီ'ဝင် လာပြီး၊ ကမ္ဘာကျုံ့သွားပြန်တော့ စီဗီလိုက်ဖေးရှင်းတွေ ရောနှောပျော်ဝင်၊ ကားလ်ချားတွေ ပူးယှက်ဖက်ပွေ့။ မီဒီယမ် တစ်ခုနှင့် တစ်ခုအကြား နယ်နမိတ်မျဉ်းက သေး ငယ်ရာမှ မှုန်ဝါး၊ မှုန်ဝါးရာမှ ပျောက်ကွယ်လုနီးပါး။ အပြန်အလှန် စူးဝင်ထိုးဖောက်လိုက်ကြသည် မှာ ပင်မသန္ဓေကိုပင် ရှာမတွေ့နိုင်တော့သလောက် ဖြစ် လာပြီး အသစ်တွေ...အသစ်တွေက မာလ်တီဝတ်ရုံခြုံလျက် ဝေ့ခနဲ လွှားခနဲ။

******

တေးသီချင်းများကို ခံစားပြီး အဲဒါကို စာလုံးတွေ၊ ဝါကျတွေ၊ ပုဒ်၊ ပါဒ်တွေဖြင့် ပြန်ရေးသော အလုပ်မှာ နည်းနည်း အရဲကိုးရာကျမလားဟု ( ယခုမှ )ကျွန်တော် ပြန်တွေးမိသည် ။ ရေးခဲ့စဉ်တုန်းကတော့ မရေးရမနေနိုင်လို့ ရေးကိုရေးချင်ခဲ့တာ ဖြစ်သည် ။

ထိုတေးများကို ရေးဖွဲ့သီကုံးသူ၊ သီဆိုသူ၊ တီးမှုတ်သူတို့ ၏ ဝိညာဉ်အား ချစ်ခင်လေးစားသော စိတ်အရင်းခံထား၍ ရေးဖြစ်ခြင်း ဖြစ်လေသည် ။ ယခုလို တစ်စုတစ်စည်းတည်း စာအုပ်ပြုလုပ်ဖို့ ပေါင်းစုံကြည့်လိုက်တော့မှ ပင် သက်တံကွေးပေါ် ကုတ်ကတ်တက်ရင်း၊ အာသာဝတီနတ်ပန်းဆိုတာ ကို လှမ်းကိုင်ဖို့ ကြိုးစားသော အခြင်းအရာတစ်ရပ်နှင့်တူကြောင်း သတိပြုမိသည် ။

အနူးညံ့ဆုံး ရုပ်ဝတ္ထုပစ္စည်းဟု အဆိုရှိသော 'အသံ'ဆိုင်ရာ၊ အနုပညာကို ကျွန်တော်က 'ဒြပ်ပြု'၍ ခွဲခြမ်းစိတ်ဖြာနေပါပေါ့လား။ တော်ပါသေးသည် ။ မြင်သာထင်သာ၊ တွေးသာသော စာသားစကားလုံးများ ရှိ

နေပေလို့ ။ ‘ခံစားမှုစာစုများ ’ဟု အမည်ပေးထားသော ဤစာအုပ်ပါစာများ သည် ရည်ညွှန်းခံတေးချင်းများ ၏ တကယ့်သန္ဓေကို ဖမ်းယူဆုပ်ကိုင်မိလိမ့်မည် မထင်ပါ။ အထပ် ထပ်နားထောင်၊ အခါခါ ပြန်ဆိုညည်း၊ အကြိမ်ကြိမ် ဝင်စားကြည့်သည့် ကြားထဲမှ ပင် လေဟာနယ် Vacuum များ ရှိနေဦးမည် သေချာသည် ။

သို့သော် ကျေနပ်မှုတစ်ခုတော့ ရလိုက်ပါသည် ။

တေးရေးသီသူ၊ တေးဆိုသူတို့ ၏ ‘ဟဒယ’ကို လှမ်းမြင်လိုက်ရခြင်းပင် ဖြစ်၏။ ရဲရဲခြင်းခြင်းကြီး မဟုတ်ဘဲ၊ လက်လက်စွေးစွေး နီမြန်းနေသော ထိုဟဒယများ ဆီမှ နှလုံးသွေးထဲတွင် ‘လွတ်လပ်မှုကို မြတ်နိုးခြင်း’၊ ‘ရိုးသားမှုကို တန်ဖိုးထားခြင်း’ ‘အလှ၌ ဦးညွှတ်ခြင်း’ ‘တရား၌ တည်ဆိုက်ခြင်း’တည်းဟူသော အမြုတေစာများကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည် ။

******

မြတ်လေး၏ မစ္စဝီစကီ၊ ဗိုလ်ကလေးတင့်အောင်၏ ဂျင်မလေးဂျမ်း၊ သီချင်းနှစ်ပုဒ်နှင့် ပတ်သက်သော ဆောင်းပါးများကို ရှာမတွေ့တော့ပါ။ အတွေးအမြင်စာစောင်တွင် ရေးခဲ့သည် ဟု သာ မှတ်မိတော့သည် ။

နောက်တစ်ချက် ပြောရမည်မှာ ဤခံစားမှုစာစုများ သည် ဂီတဗေဒ၊ သဒ္ဒဗေဒ ရှုထောင့်များမှ ကြည့်သော အမြင်များ မဟုတ် ဆိုသည့် အချက်ပင်ဖြစ်ပါသည် ။ သောတရှင်တစ်ဦး၏ အာလျှနှင့် ပီတိ တို့ ကို သူ့နှယ်ပင်တေးခံစားတတ်သော သောတရှင်များအား ဖောက်သည် ချနေသ

ည့် စကားများ ဟု သာ မှတ်ယူစေလိုပါသည် ။

နိဂုံးအားဖြင့်ဆိုရမည်မှာ ဤစာစုအချို့ ရေးဖြစ်အောင် လှုံ့ဆော်ကူပံ့ခဲ့သော ကာတွန်းဆရာ (မောင်)ဝင်းအောင်၊ အနှစ်နှစ်ဆယ်ဝန်းကျင်ခန့်က စာမူများကို တခုတ်တရ မရအရ ရှာဖွေပေးကြ သည့် ကဗျာဆရာ မိုးဦးဆွေညိန်း၊ ကဗျာဆရာ သင်းဝေအောင်၊ ကဗျာဆရာ နိုင်သစ်နီတို့ နှင့်တကွ၊ မိမိတို့ ဆန္ဒရှိသမျှကို ရုပ်ပုံပန်းချီများ ဖြင့် ဖြည့်စွမ်းပေးသော ပန်းချီဆရာမုတ်သုံတို့ ကိုမှ ကျေးဇူးစကား မဆိုရဘဲ ဤပဏာမစကားကို နိဂုံးချုပ်လိုက်လျှင် ကျွန်တော့်မှာ အပြစ်မကင်းစိတ် ဖြစ်နေပေ တော့သည် ။

နောက်ဆက်တွဲ နိဂုံးစကား ရှိပါသေးသည် ။

ဤစာအုပ်စီစဉ်ဆဲမှာ ပင် ကွယ်လွန်သွားခဲ့သော ထူးအိမ်သင် (ငှက်) မဂ္ဂဇင်းမှာ ပါခဲ့စဉ်ကတော့ သူဖတ်ခဲ့ဖူးပါလိမ့်မည်။

တစ်စုတည်းပေါင်းထားသည့် စာအုပ်အဖြစ်ကို သူဖတ်ခွင့်ရမသွားခြင်းအတွက် (ကျွန်တော့် အတွက်တော့) ‘ဗင်းဆင့်ဗန်ဂိုး တမ်းချင်း’စာစုကို ကိုယ့်ဘာသာကိုယ် ပြန်မဖတ်ရက် မဖတ်ရဲအောင် ရှိရပါတော့သည် ။

**ချစ်ဦးညို**
**၂၀၀၄၊ ဒီဇင်ဘာ။**

*****



မြို့မငြိမ်း

မြို့မငြိမ်း

**ကိုအံ့ကြီး**

-ရှုမဆုံးတော့သည် စိမ်းလဲ့လဲ့နှစ်စဉ် လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ် စိုပြည်လွင် ရိတ်သိမ်းချိန်ဆိုပြန်လျှင် ဝင်းမှ ညှို့ရွှေစင်အိလို့ ပင် စပါးအနံ့တွေ အသီးတွေ သန်မြန်အောင်မြင်...

-မနက်ခင်း စိတ်ရွှင်လန်းကြစေ ဆွဲငင်ဥသြသံတွဲ့နာပျော် ကြည်ကြည်လင် လုပ်ငန်းကို ကိုယ်စီဝင် စက်ရုံကြီးငယ် အရပ်ရပ်တွင် ကြည်းရေးတစ်ခွင် ရောင်းဝယ်စုန်ဆန် သာ စည်ပင်...

-လူချွန်လူကောင်းများ တို့ ပေါင်းစုအားတွင် မြို့မမိတ်ဆွေတွေကို ကြည်ညို့စွာ မြင် လိုက်ချင် ဗမာ့သားကောင်းများကိုအဆိုအတီးအမှုနဲ့ ပင် ရိုသေခင်မင် အားတက် အလေးပြုလျက်ပဲအစဉ်...

-ကစားခုန်လွှား စွမ်းအားဖက်တွင် စံချိန်ရင်ဘောင် တန်းလိုက်လို့ ယှဉ် ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင့် သန်မြန်ယောကျ်ား ဘသားပင်

-လျှပ်စစ်အား အသုံးများ တဲ့ အပြင် တွင် တွင် ကျယ်ကျယ် ထက်အောက်မြေတစ်ခွင် သစ်ပင်တွေ မြေတွင်းဓာတ်တွေ ဖော်ယူနိုင်စွမ်း တတ်ကျွမ်းကျင်...

-ကမ္ဘာမြေ ပထဝီဝင် ကမ္ဘာသမိုင်းရာဇဝင် သုံးသပ်လေ့လာလျှင် အကြံဉာဏ် ဝေဖန် မျှော်လို့ ပြင် ငါတို့ ပြည်ထောင်စုတွင် ...

-ဆရာဝန်ပညာတွေသင် ခေတ်ရောရှေးမီသမားကျော်များ ပင် လူထု

ကို ကိုယ်နဲ့ ထပ်တူ ချစ်ခင်ရင်ဝယ်သား ညွှန်ကြားသန်ထွားကျန်းမာခဲ့ခိုင် အားအင်ကလေးလေးတွေ ပညာရရှိဖို့ တော့ ဘမိ ပုံသွင် အာစရိတွေပင် လူချွန်လူကောင်းလေးတွေ ဖြစ်အောင် မြေတောင်မြှောက်ကာ မြှင့်တင်...

(ကစားခုန်စား..............ငါတို့ ပြည်ထောင်စုတွင် )

*****

# မြို့မငြိမ်းနှင့် ဂလိုဘယ်လိုက်ဇေးရှင်း

## (၁)

"ပုညရှင်စေတီအပါး...စစ်ကိုင်းတောင် အထက်နားဆီက...အရှေ့တလွှား ရှုလိုက်ရင်လေ... ရောဝတီ...ဒုဋ္ဌာဝတီ...နတ် ပန်းချီဆေးစုံကွန်ရော့လေသလား...ဝဲလက်ယာ အတွန့်တွန့်နဲ့ အလွန့်လွန် သာယာပါပေသည် "

ဇာတိစွဲ၊ ဒေသစွဲဟု အပြစ်တင် မစောစေလိုပါ။ လူတိုင်းမှာ ဘဝအလွမ်းဆိုတာ ရှိတတ်သည် ။ မှတ်ဉာဏ်ထဲ၊ ရင်ထဲ၊ အားမထုတ်ရပါဘဲနှင့် ခွန်အားကြီးစွာ စွဲမြဲဝင်နေသော ရုပ်ပုံတွေ၊ အသံတွေ၊ အဖြစ်သနစ်တွေ ရှိတတ်သည် ။ တစ်သံသရာလုံး အလူးလူး အလိမ်းလိမ်း စေးပျစ်ငြိကပ်ခဲ့သော အနုသယတွေ တစ်ပုံတစ်ခေါင်းကြီးထဲမှာ ဒီလိုအလွမ်းမျိုး၊

အလွမ်းနာမျိုးရှိတာ ဘာမှ စာမဖွဲ့လောက်ပါ။ ထိုအခါ 'စစ်ကိုင်းတောင်' သီချင်းကို ကြားရတိုင်း၊ ညည်းမိတိုင်း ဆရာငြိမ်း ရေးချယ်ခဲ့သော ရောင်စုံပန်းချီကား ဂီတမဟာက ရင်သို့ ဒုတ်ဒုတ်ထိဆိုက်၏။

"နတ်စည်ငယ်လေ...ပုစွန်လက်ရိုး အာလမ္ဗရာ...ကျော်ဗုန်းသံဝါ ဆော်ရွှမ်းညံစာစာ..."

ဒါက နောက်တစ်ပုဒ်။ ကတတဲမှ ပဲ။ ဆရာငြိမ်း တတ်တတ်နိုင်လွမ်း။ 'အံ့ကာလေတဖွဲဖွဲ၊ ရွာလေတသဲသဲ' မိုးရွာတဲ့ ကိစ္စကိုပင် ခမ်းနားသိုက်မြိုက်စွာ ရေး...ရေးနိုင်ပလေ။ ဖွဲ့...ဖွဲ့နိုင်ပလေ။ လျှပ်စီးထစ်ချုန်းမိုးလုံးဟီးညံ မိုးသံဝေါဝေါ...ဘာဆန်းသနည်း။ ဒါပေမဲ့ အသုရာတွေ၊ သိကြားတွေ၊ ဆင်တော် သုမိတ္တာတွေ၊ သခွပ်ပွင့်တွေ၊ သားမက်တွေ၊ ယောက္ခမတွေနဲ့ စီကာပတ်ကုန်း သိမ်းကျုံးဖွဲ့ လိုက်သောအခါ ဤတေးသည်လည်း ချစ်ခင်မြတ်နိုးစရာ ဖြစ်ရပြန်သည် ။ မပြီးသေးသော ပန်းချီ ကားကလည်း ရှားရှားပါးပါး သိင်္ဂါရရသနှင့် ဘယာနကရသတို့ ကို ပူးတွဲဖော်စပ်နှလုံးသို့ဟပ်၏။

မန်းတောင်ရိပ်ခိုကတော့ အထူးပြောစရာတောင် လိုမည် ထင်ပါ။ နှစ်သစ်ရယ်၊ သင်္ကြန်ရယ်၊ ပိတောက်ရယ်ဟူသော တြိအဖွဲ့မှာ မြနန္ဒာရေညိုညို ရစ်ကာမသန်းလျှင်ဖြင့် ဘယ်ပွဲမှ အင်္ဂါမစုံသလို အထိ ဖြစ်သွား၏ ။

သို့သော်...

ရင်ခလုတ်ကို ဆွဲလှုပ်ကြလေသော ထိုထိုသီချင်းများ စွာတို့ အနက်က တစ်ပုဒ်သောတေးကတော့ (မိမိအတွက်) ကြားရလေတိုင်း၊ ညည်းမိလေတိုင်း၊ ဆင်ခြင်မိလေတိုင်း အခြားသောတေးများကို လွန်မြောက်ကာ ဆရာငြိမ်းအပေါ် အကြိမ်ကြိမ် အလီလီ မြတ်နိုးလေးစားခြင်းတွေ၊

ကျေးဇူး တရားပူဇော်မှုတွေကို လှူ့ဆော်လေသည် ။

"လူ့ချွန်လူကောင်း"ဖြစ်ပါသည် ။

*****

(၂)

ဂလိုဘယ်လိုက်ဇေးရှင်း (GLOBALIZATION) ဟူသော စကားလုံးသည် ပြောလို့ ကောင်း နားထောင်လို့ ကောင်းသလောက် (မိမိအတွက်) ဘဝင်မကျနိုင်သေးသော စကားလုံးဖြစ်နေပေသည် ။ ကမ္ဘာဆန်လာခြင်း၊ ကမ္ဘာမှုပြုခြင်း၊ ကမ္ဘာသဘောသို့ဆိုက်ခြင်း၊ ကမ္ဘာအဖြစ်သို့သွားခြင်း၊ ကမ္ဘာမှု အပြုခံရခြင်းအနက်တွေ ထွေပြားစွာဖြင့် အသံမြည်၏။ သိသလိုလို ရှိနေရင်းကပဲ မသိသလိုလို ဖြစ်သွား၏။ မသိသလိုလိုဖြစ်နေရင်းမှာ ပဲ သိသလိုလို ရှိလာပြန်၏။

သို့သော် သေချာတာနှစ်ခုတော့ ရှိသည် ။

တစ်ခုက ဂလိုဘယ်လိုက်ဇေးရှင်းကို မိမိမနှစ်မြို့မှု လုံးဝမရှိခြင်း ဖြစ်၏။ လပြည့်ည၊ ကြယ်စုံ လဝန်း အဇဗ္ဗောပြင်အား ပြတင်းဖွင့်ကာ တစ်ခါတစ်မျှော် ငေးကြည့်ရတဲ့ အရသာကို အဘယ်သူ မ ကြိုက်ဘဲ ရှိပ့ါမလဲ။

နောက် သေချာတာတစ်ခုက ဂလိုဘယ်လိုက်ဇေးရှင်းအား ဝက်စတန်နိုက်ဇေးရှင်း (WEST ERNIZATION)လို့ အနက်ဖွင့်တာ (အချို့က အမေ

ရိုကန်နိုက်ဇေးရှင်း AMERICANIZATION ဟု ပင် အနက်ဖွင့်ကြသေး၏။) ကို မနှစ်မမြို့ ရှိခြင်း ဖြစ်၏။ ဘယ့်နှယ် ကမ္ဘာနှင့် ချီ ပြောလိုက်တာနဲ့ ပဲ အနောက်တိုင်းတို့ ၊ ဥရောပတို့ ၊ အမေရိကန်တို့ ကို ဆွဲထည့်ပစ်ရတာ တုံး။ ဒီလိုအနက်ဖွင့်ခြင်းဟာ သိမ် ငယ်စိတ်တို့ လှစ်ပြလိုက်တာပဲဟု မိမိ က အာရှစိတ်ဓာတ်၊ မြန်မာစိတ်ဓာတ်၊ ဗုဒ္ဓယဉ်ကျေးမှုစိတ် ဓာတ်ဖြင့် ငြင်းဆိုချေပပါမည်။

ဒါဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းကို အသင် ဘာပြောမလဲဟု မေးလာလျှင် ယခင်ကတော့ စ ကားလုံးတွေ၊ ဗျူပွတ်တွေ၊ နယုပဒေသတွေဖြင့် စာရေးဆရာ ရှူထောင့်လိုလို၊ အနုပညာသမား ရှု ထောင့်လိုလို၊ ၂၁ ရာစု အကြိုလူသားလိုလို အိုင်-တီခေတ်၏ ကိတ္တိမသားလိုလိုဖြင့် ဝေဝေဝါးဝါး လျှောက်ပြောမိမည် ဖြစ်၏။ အခုတော့...ရိုးရှင်းသော အမြင်ကလေးဖြင့် အတိအကျနီးပါး မိမိဖြေ နိုင်ပြီ ထင်သည် ။

မိမိ၏ အဖြေစကား အဖွင့်နိဒါန်းမှာ -

"မြို့မငြိမ်းရဲ့ လူချွန်လူကောင်းကို နားထောင်ကြည့်ရအောင်"

*****

(၃)

အနုပညာထုတ်ကုန်ပစ္စည်းဖြစ်သော တေးတစ်ပုဒ်သည် အနုပညာ လက်ရာတစ်ခု ဖြစ်သည် နှင့် အညီ သူဆွဲကိုင်လှုပ်နိုးသော ကြိုးများမှာ ရင်ခလုတ်ကြိုး ဖြစ်ပါသည် ဟု ဆိုလျှင် လူချွန်လူ ကောင်းကိုတော့ တစ်

မျိုးစဉ်းစား၍ ရမည်ဟု ထင်ပါသည် ။

လူချွန်လူကောင်း၏ လိုင်းကို ဝေဒနာကွန္တာထဲမှာ ပဲ သွတ်သွင်းမထားအပ်ဟု လည်း အရဲကိုး ပြောလိုပါသည် ။

စာဖတ်သူ စိတ်ဝင်စားလျှင်ဖြင့် ယနေ့ ကာရာအိုကေခန်းတွေထဲမှာပါ။ မြိုင်မြိုင်ကြီး သီဆို နေသော အားလုံးလိုလို ရကြသည့် လူချွန်လူကောင်းကို ပြန်ဆိုကြည့်ကြပါမည်။ အတူတကွ သီဆို ရင်းဖြင့် ဖြတ်၍ဖြတ်၍ မိမိက ပူးပေါင်းညှိနှိုင်းမှု ပြုပါမည်။

ကဲ...စလိုက်ကြရအောင်။

*****

(၄)

"ရှုမဆုံးတော့သည် ...စိမ်းလဲ့လဲ့နှစ်စဉ်...လယ်ကွင်းတွေကတစ်မျှော်တစ်ခေါ် စိုပြေလွှင်..."

မျက်စိမဆန့်တပြန့် ပြောပြောမြင်ကွင်းဧရာဖြင့် ဆရာငြိမ်း ဖွင့်ပြလိုက်ပါပြီ။ "ရှုမဆုံး"ဆိုတာ ဆန်းသစ်သောစကားလုံး မဟုတ်ပေမယ့် စိမ်းလဲ့လဲ့ လယ်ကွင်း၊ တစ်မျှော်တစ်ခေါ်ဆိုသော စကားလုံးများ နှင့် ပေါင်းစပ်လိုက်သောအခါ မိမိတို့ သည် စိမ်းလွင်စိုပြည်လှသော မြင်ကွင်းကျယ်ကြီး ကို တွေ့လိုက်ရပါတော့သည် ။ ဆရာငြိမ်းအသံဖြင့် ပန်းချီစဆွဲပါပြီ။ မြင်ကွင်းသက်သက်ဖြင့် စတင်ရေးဆွဲပါပြီ။

"ရိတ်သိမ်းချိန်ဆိုပြန်လျှင်...ဝင်းမှ ညှို့ရွှေစင်အိလို့ ပင်...စပါးအနှံ့တွေ အသီးတွေ သန်မြန် အောင်မြင်..."

အေးမြလတ်ဆတ်သော အစိမ်းရောင်သည် ဝင်းပသောရွှေရောင်သို့ ပြောင်းသွားခဲ့ပြီ ဖြစ်၏။ "ရိတ်သိမ်းချိန်ဆိုပြန်လျှင်"စကားလုံးလေးဖြင့် လိုကေးရှင်းနှင့် အချိန်ကို ပြောင်းယူလိုက်ပုံက သိမ် မွေ့ပါသည် ။ ဝင်းမှ ညှို့ရွှေစင်အိစပါးနှံများ ။ သန်မြန်အောင်မြင်အသီးများ ...။ ဤအဖွင့်ပန်းချီကားထဲ မှာ "လူ"မပါပါ။ လယ်သမားကြီးများ ၊ ကောက်စိုက်သမများ ၊ ထယ်များ ၊ ထွန်များ ၊ စက်ပစ္စည်းများ ၊ ချွေးပေါက်များ ၊ ပါးကွက်ကျားများ ၊ ပလတ်စတစ်ပက္ကလာများ ၊ လုပ်အား၊ ကျေးဇူးရှင် စသော စကားလုံးများ မပါပါ။ ဒါပေမဲ့ အစိမ်းမှ အဝါသို့ပြောင်း၊ အစိမ်းမှ အဝါသို့အပြတွင် ထိုအရာတွေ အားလုံး ရိပ်ခနဲ ပါဝင်သွားသည် ဟု မြင်လိုလျှင် မြင်နိုင်ပါသည် ။

အသွား (MELODY)တူ၊ ဒုတိယအပိုဒ်ကို ဆက်ဆိုကြည့်ရအောင်။

"မနက်ခင်းစိတ်ရွှင်...လန်းကြစေ ဆွဲငင် ဥသြသံတွဲ့ နာပျော်ကြည်ကြည်လင် လုပ်ငန်းကိုယ် စီဝင် စက်ရုံကြီးငယ် အရပ်ရပ်တွင် ကြည်းရေတစ်ခွင် ရောင်းဝယ်စုန်ဆန်သာစည်ပင်"

ဒီအပိုဒ်မှာ ဆရာငြိမ်း၏ ပန်းချီကားထဲက ‘အသံ’တွေ ကြားလာရသည် ။ လှုပ်ရှားမှုတွေ မြင်လာရသည် ။ မနက်ခင်း လေပြည်နဲ့ ရှူရှိုက်ရသည် ။ မီးခိုးလုံးကြီးတွေ အူတက်နေသည် ။ ‘စက်ရုံ’ ဟု ဆရာငြိမ်း ‘ထည့်’ သုံးသည် ။ ပရိဒတ်ရှင်းတွင် ပဲလား။ မကပါ။ သင်္ဘောတွေ၊ မီးရထားတွေ၊ ကားတွေ၊ ဝန်ချီစက်တွေ၊ ယန္တရားတွေ၊ မောင်းတံတွေ ပြီးတော့ လူတွေ။ မတ်နှင့် အိန်ဂျယ်တို့ ၏ ကြေငြာစာတမ်း၊ ပြီးတော့ ၁၈၈၆၊ မေလ (၁)ရက်နေ့၊ ရှီကာဂို၊ နယူးယောက်၊ ဝါရှင်တန်၊ စိန့်လူဝီ၊

ဘာလ်တီမိုးမြို့တွေမှာ အလုပ်ချိန် ၈ နာရီသတ်မှတ်ရေး စတင်လှုပ်ရှား တိုက်ပွဲဝင်ခဲ့သည့် ကာလမှ စ၍ ကမ္ဘာ့နားထဲတွင် တွင် တွင် ညံညံ ကြား လာရသော အလုပ်သမားလူတန်းစားဆိုသော စကားလုံးကို ဆရာငြိမ်း မသုံးပါ။

ဤနှစ်ပုဒ်အထိ ဆရာငြိမ်းသည် လယ်သမားနှင့် အလုပ်သမားကို ပြ ည့်စုံတိကျသော နောက် ခံအခင်းအကျင်းဖြင့် ရေးခြယ်ပြသည် ။ ဤနှစ် ပုဒ်ကို ပြန်ဆိုကြည့်ဖို့ ပင် မလိုဘူးထင်ပါသည် ။ သူ့အလိုလိုပင် တက်ကြွမှုနှင့် ငြိမ်းအေးမှုကို ဆောင်ခဲ့ပြီးဖြစ်သည် ။ နိုင်ငံရေးနယ်ပယ် သုံး လူတန်းစားစ ကားလုံးကို ပူလောင်မှု၊ အုံကြွမှု၊ တိုက်ပွဲဝင်မှု၊ အရေး ဆိုမှု အငွေ့အသက်တွေ မပါပါ။ သို့သော် အခြေခံလူတန်းစားဟု ခေါ်ကြ သော လယ်သမား၊ အလုပ်သမားဖြင့် ဆရာငြိမ်း 'ဖွင့်'လိုက်တာကို ကော င်းစွာ သတိပြုမိလိုက်ပါသည် ။ လေးလေးစားစား စာစာနာနာစိတ်ဖြင့် ဖွင့်လိုက်သော ဤနှစ်ပုဒ်တွင် ဆရာငြိမ်း၏ ထဲဝင်သိမှတ်ပြုသဘော ထား (INCLUSIVE)ကိုပါ မိမိတွေ့လိုက်ပါသည် ။ အခြေခံလူတန်းစားဆိုပြီး သီးခြားထုတ်ပခြင်း (EXCLUSIVE) သဘောမျိုး ဆရာငြိမ်းမှာ မရှိ။

*****

(၅)

"လူချွန်လူကောင်းများ တို့ ပေါင်းစုအားတွင် မြို့မမိတ်ဆွေတွေကို

ကြည်ညိုစွာ မြင်လိုက်ချင် ဗမာ့သားကောင်းများကို အဆိုအတီးအမှုနဲ့ ပ င် ရှိသေခင်မင် အားတက်အလေးပြုလျက်ပဲ အစဉ်"

"လူချွန်လူကောင်း"ဆိုသော စကားလုံးကို ဆရာငြိမ်းပဲ စသုံးတာလား၊ တစ်နေရာရာက ရတာလား မသိပါ။ သို့သော် ကြားရဖန်များ နေသဖြင့် ရိုးအီသယောင်ရှိသော ဤစကားကို အသေအချာ ဆင်ခြင်ကြည့်ချင်ပါသည် ။ ချွန်တယ်ဆိုတာက တော်တယ်ဆိုတာထက် ပိုမြင့်သလို ခံစားရသည် ။ ပညာရှင်အဆင့်။ ထက်မြက်ခြင်း၊ ဆုံးဖြတ်ချက် မြန်ဆန်မြဲမြံခြင်း၊ တာဝန်ယူခြင်း၊ မှားမှန်ခွဲခြား တတ်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်ခြင်း၊ ကျွမ်းကျင်ခြင်း လူချွန်။

ပြီးသော် လူကောင်း။ ရိုးသားခြင်း။ စိတ်ကောင်းစေတနာကောင်းထားခြင်း၊ အများ အကျိုး စီးပွားကို တသမတ်တည်း ရှေ့ရှုခြင်း၊ မလိမ်ညာခြင်း၊ မချဲ့ကားခြင်း၊ အဝေဖန်ခံခြင်း၊ အရေးကြုံလာ တိုင်း အတ္တကို ချိုးနှိမ်ခြင်း။

လူချွန်လူကောင်း။

အသိနှင့် အကျင့်။

ဝိဇ္ဇာနှင့် စရဏ။

အသိအကျင့်နှင့် ပြည့်ဝကုံလုံသော ပေါင်းစုအားကို ကျွန်တော်တို့(မြို့မ)က ကြည်ညိုစွာ မြင်လိုက်ချင်ပါသည် ဟု ဆရာငြိမ်း ညွှန်းလေသည် ။ မိမိအနေဖြင့် အတွေးပွားမိတာလေးတစ်ခုက ထိုလူ ချွန်လူကောင်း တချို့တလေ(သို့)တစ်ဦးတစ်ယောက်ကို ဆရာငြိမ်း မြင်သည် ။ သို့သော် ဆရာငြိမ်း ဤမှုဖြင့် အလိုမကျနိုင်သေးပါ။ ပေါင်းစုအားကို သူမြင်လိုက်ချင်ကြောင်း သူ့ဆန္ဒ၊ မြို့မဆန္ဒကို ထုတ်ဖော်ကြေငြာ တောင်းဆိုသည် ဟူသောအချက်ပင် ဖြစ်ပါ၏။

အဲဒီလူချွန်လူကောင်းပေါင်းစုအား မြန်မာ့သားကောင်းများကို ကြည်ညိုစွာ၊ ရိုသေစွာ၊ ခင်မင်စွာ၊ အားတက်ဖွယ်ရာ ဦးညွှတ်အလေးပြုလျက် အဆိုအတီးဖြင့် ဂုဏ်ပြုနေပါမည်...တဲ့ ။

*****

(၆)

လယ်ကွင်း၊ ဝင်းမှ ညှိ့စပါးနှံ၊ ဥဩ၊ စက်ရုံများမှ လည်း ဆရာငြိမ်းသည် သူ၏ (SCOPE) ကို စက်ဝန်းအနား ချဲ့ခဲ့ပြီ။

"ကစားခုန်လွှား၊ စွမ်းအားဖက်တွင် စံချိန်ရင်ပေါင်တန်းလိုက်လို့ ယှဉ်"

တိုင်းပြည်လူမျိုး၏ ဝိညာဉ်သန်စွမ်းမှု ပြယုဂ်များ တွင် (စပို့)သည် (ပါဝါ)တစ်ခုဖြစ်ကြောင်း ဆရာငြိမ်း အသေအချာသိသည် ။ အားကစားစွမ်းရည်၊ စံချိန်မြင့်မားခြင်းကို ဖြစ်ပေါ်စေသော အခြေခံအကြောင်းများကို ဆရာမြို့မငြိမ်း မလွဲမသွေ သိနေမည်မှာ လည်း သံသယဖြစ်ဖွယ် မရှိပါ။

ဆက်ဆိုကြည့်ပါမည်။

"ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်-သန်မြန်ဘသား ယောကျ်ားလျှင်"

ဤအပိုဒ်သည် ပင် မိမိအား မျက်ခုံးပင့်တက်သွားစေသော အပိုဒ် ဖြစ်၏။ (ကမ္ဘာကြီး ကြည့်မြင်ဟူ၍ အမှတ်လွဲ၊ အဆိုလွဲခဲ့ကြခြင်းများကို

ကျွမ်းကျင်သူများက ထောက်ပြခဲ့ပြီးပါပြီ။ ကမ္ဘာကြီးကို ကြည့်မြင်တာမ ဟုတ်-ကမ္ဘာကြည့်...ကြည့်မြင်)

ကမ္ဘာကြည်...။ မြန်မာသည် မြန်မာဖြစ်လျက်ကပင် ကမ္ဘာကြည့် ကြည့်တတ်ရမည်။ မြင် တတ်ရမည်ဟု ဆရာငြိမ်း အတိအလင်း ပြောပါသည် ။ ကမ္ဘာကြည့်ဆိုတာ အနောက်ကြည့်၊ အရှေ့ ကြည့်၊ ဥရောပအကြည့်၊ အမေရိကန်အကြည့်၊ ရုရှားအကြည့် မဟုတ်ပါလေ။ လွန်စွာလှပကျစ်လျစ်၍ လွန်စွာဆန်းသစ်ပြီး လွန်စွာသိမ်မွေ့သော ဤ 'ကမ္ဘာကြည့်'ဆိုသည့် စကားလုံးကိုမှ ဆရာငြိမ်း ရှာ ဖွေတွေ့ရှိလေခြင်း...။

ဆရာငြိမ်း၏ 'ကမ္ဘာကြည့်'မှ ဆင့်ပွားအနက်တွေ၊ ဂုဏ်ရည်တွေ မိမိဆီသို့ ရောင်ပြန်လက် လာတော့သည် ။ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်း၊ ခိုင်မတ်မြဲမြံမှုလျှင် လက်ရင်းရှိသော၊ လိုက်လျောညီထွေဖြစ်ခြင်း၊ ပြောင်းလဲမှုတွေကို မကြောက်မလန့် မတုန်လှုပ်ရုံမျှမက ပွေ့ပိုက်နိုင်ခြင်း၊ အရှုံးဝမ်းကြာတိုက်ထဲမှ အမြတ်သန္ဓေသားကို လက်သည် ဝမ်းဆွဲ ဆွဲယူတတ်ခြင်း၊ အလုံးစုံသော ဗဟိဒ္ဓကို မျက်ခြည်မပြတ် ကြည့်နေရင်းမှာ ပင် အဇ္ဈတ္တကို သန်စွမ်းစေခြင်း၊ အနိမ့်စိတ်၊ အငုံ့စိတ်ကို ဖယ်ရှားနေရင်းမှာ ပင် အမြင့်စိတ်၊ အလွှားစိတ်ကို ဇက်ချုပ်နိုင်ခြင်း။

မိမိတို့ ပြောပြောနေကြသည့် ဂလိုဘယ်လိုက်ဇေးရှင်းကို အသက် ၄၇ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည့် ဆရာငြိမ်းသည် ၁၉၅၅ ခုနှစ် မတိုင်မီကတည်းက သူ၏ အနုပညာ နှလုံးသားဖြင့် ဖွင့်ခဲ့ပြီ ဖြစ်၏။ လွန်ခဲ့သော ၄၅ နှစ်ကတည်းက ဖြစ်ပါသည် ။

*****

(၇)

အသွား (MELODY) တူ-'ခိုးရပ်'ပိုဒ်ကို ဆက်ဆိုကြည့်ပါမည်။

"လျှပ်စစ်အား အသုံးများ တဲ့ အပြင် တွင် တွင် ကျယ်ကျယ် ထက်အောက်မြေတစ်ခွင် သစ်ပင်တွေ မြေတွင်းဓာတ်တွေ ဖော်ယူနိုင်စွမ်း တတ်ကျွမ်းကျင်" ဗီအိုင်လီနင်က "လျှပ်စစ်စွမ်းအားဖြင့် ဆိုရှယ်လစ်လောကကို တည်ဆောက်အံ့"ဟု ကြွေးကြော်ခဲ့ဖူးသည် ။ ဆရာငြိမ်းက ဘာစနစ်ကိုမှ နာမည်တပ်၍ မကြွေးကြော်ပါ။ သို့သော် ဆရာငြိမ်း၏ အိပ်မက်ထဲတွင် အဆင့်မြင့်နည်းပညာတွေကို အသုံးပြုထားသော လောကတစ်ခုရှိသည် ။ သစ်ပင်တွေ၊ မြေတွင်းဓာတ်တွေ ဖော်ယူနိုင်စွမ်း တတ်ကျွမ်းကျင်...။

"ကမ္ဘာမြေပထဝီဝင်၊ ကမ္ဘာ့သမိုင်းရာဇဝင် သုံးသပ်လေ့လာလျှင်"

ပထဝီနိုင်ငံရေး (GEO-POLITICS) ဆိုသော စကားလုံးကို ဆရာငြိမ်းတို့ ခေတ်က ခေတ်မ စားသေးဘူးဟု ထင်သည် ။ ပညာရပ်တွေကို ဆရာငြိမ်း အိပ်မက်မက်သည့် အထဲမှာ ဝိဇ္ဇာပညာရပ်တွေ ကိုလည်း မေ့ချန်မထားခဲ့။ ပထဝီနှင့် သမိုင်းရာဇဝင်ကို ဆရာငြိမ်း ထောက်ပြသည် ။ သမိုင်းအထိ၊ သမိုင်းစိတ်ဓာတ်ရှိဖို့ သတိပေးသည် ။ သုံးသပ်ပါ။ လေ့လာပါ။ သင်ယူပါတဲ့ ။ ဤအပိုဒ်၏ အနားသပ် က-

"အကြံဉာဏ် ဝေဖန်မြော်လို့ မြင်၊ ငါတို့ ပြည်ထောင်စုတွင် "

'မြော်လို့ မြင်'ဖြစ်ပါသည် ။ 'မျှော်လို့ မြင်'မဟုတ်ပါ။ မြော်မြင်၊ အမြော်အမြင်ဟူသော စ ကားလုံး၏ တာသွားပုံကို ဆင်ခြင်ကြည့်နိုင်ပါ

သည် ။ အမြော်အမြင်ကြီးခြင်းဟူသည် မှာ ပညာ၏ လက္ခဏာတစ်ရပ် ဖြစ်သည် ။ (FUTURE PERSPECTIVE) ကို ညွှန်းသည် ။ ခေါင်းဆောင်ကောင်းတို့ ၏ အင်္ဂါတစ်ရပ်လည်း ဖြစ်သည် ။

"ကမ္ဘာ့ရေကြောင်း သင်္ဘောမောင်းနှင်၊ မြေပြင်လေပြင် နှံ့စပ်စုံလင်၊ တို့ လူချွန်လူကောင်းအစု တွင် ပါဝင် တစ်ယောက်ဆို တစ်အားပင်"

ကမ္ဘာ့ရေကြောင်း သင်္ဘောမောင်းနှင်ဟူသောစကားတွင် တလောဆီက ရေပန်းစားခဲ့ဖူးသော သင်္ဘောသားလုပ်ငန်းမျိုး မဟုတ်ကြောင်း သတိပြုရပါမည်။ ဆရာငြိမ်းပြောသော သင်္ဘောမောင်းနှင်မှာ ရေကြောင်း၊ လေကြောင်းဆိုင်ရာ သိပ္ပံပညာ (NAVIGATION) ကို ဆိုလိုသည် ။

*****

(၈)

"ဆရာဝန်ပညာတွေသင် ခေတ်ရောရှေးမီသမားကျော်များ ပင်"

အမ်ဘီဘီအက်စ်၊ အမ်အာစီပီ၊ အက်အာစီအက် စသော ဘွဲ့ဒီဂရီမည်ကာမတ္တ မဟုတ်ပါ။ ဆေးပညာရပ်ကို ဆရာငြိမ်းညွှန်းသည့် ခေတ်ရောရှေးမီသမားကျော်များ ပင်ဆိုသော အပိုဒ်က တိုင်းရင်းဆေးပညာရပ်ကိုပါ ထည့်သွင်းပြောဆိုသည် ဟု ယူမည်ဆိုက ယူနိုင်ပါသည် ။ ဆရာငြိမ်းဤသီ ချင်းကိုရေးစဉ်က ခေတ်သစ်ဆေးပညာ ခေါင်းထောင်နေပြီးတိုင်းရင်းဆေးပညာ ခေါင်းငုံ့နေရချိန် ဖြစ်ပါသည် ။ သို့သော် ယခုအခါနွယ်မြက်သစ်ပင်တို့ ၏ အံ့မခန်း အာနိသင်၊ ဘေးထွက်အန္တရာယ် နည်း

ပါးလှခြင်း၊ ထုတ်လုပ်စားရိတ် သက်သာခြင်း စသည့် တန်ခိုးများကြောင့် သိပ္ပံသည် သစ်ပင်ချုံနွယ်တို့ ဘက်သို့ ပြန်လည်ဦးလှည့်လာနေပြီ ဖြစ်သည် ။ တိုင်းရင်းဆေးဆိုရာ၌ လည်း တစ်နိုင်ငံတည်းက မဟုတ်။ နိုင်ငံစုံ၊ ပညာစုံ၊ အသိစုံ၊ ရိုးရာနှင့် နည်းပညာပေါင်းစပ်ခြင်းသဘော။ အဲဒီ ဆေးပညာရပ် တွေကို ပါရဂူမြောက် တတ်ကျွမ်းကျင်ရုံနှင့် ပြီးပြီလား မပြီးသေးပါ။

"လူထုကို ကိုယ်နဲ့ ထပ်တူ ချစ်ခင် ရင်ဝယ်သား ညွှန်ကြားသန့်ထွား ကျန်းမာ ခံ့ခိုင်အားအင်"

ဆေးပညာရှင်၊ ဆရာဝန်၊ သမားကျော်တို့ ၏ 'အက်သစ်'(ကိုယ်ကျင့်) ကို ဆရာငြိမ်း သတိ ပေးပါသည် ။ ဝိဇ္ဇာနှင့် စရဏကို ယှဉ်၍ ပူး၍ ကပ်၍ အမြဲပြောနေသည် ။

"ကလေးလေးတွေ ပညာရရှိဖို့ တော့ ဘမိပုံသွင် အာစရိတွေပင် လူချွန်လူကောင်းလေးတွေ ဖြစ်အောင် မြေတောင်မြှောက်ကာ မြှင့်တင်"

ပညာရေး၏ အရေးကြီးလှပုံကို ဆရာငြိမ်း ထောက်ပြထားသည် ။

"ကလေးလေး..."တွေ ဟု 'လေး'တပ်လိုက်ပုံမှာ ဆရာငြိမ်း အသံစီးဆင်းမှုအရ အသံ နောက် စာသားလိုက်သည် ဟု မထင်ပါ။ ကလေးနှင့် ကလေးလေးတွေ စကားနှစ်ရပ်၏ ခြားနားပုံနှင့် စကားလုံးခွန်အား မတူညီပုံကို သတိပြုမိပါသည် ။ ကလေးလေးတွေဟု ပြောလိုက်ဆိုလိုက်ရတာ ရင်ထဲမှာ အပြည့်ဖြစ်သွားသည် ။ အနာဂတ်ပညာရေး၏ အရေးကြီးပုံကို အပေါ်ယံသိမဟုတ်ဘဲ အ သွေးအသားထဲကကို လှိုက်ခနဲ ခံစားလိုက်ရသည် ။

သူတို့ လေးတွေကို "လူချွန်လူကောင်းတွေဖြစ်အောင် မြေတောင်မြှောက်ကာ မြှင့်တင်"ဖို့ က သီချင်းဆိုနေသော သီချင်းနား

ထောင်နေသော မိမိတို့ ၏ တာဝန်ပါတကားဟု ထင်မြင်မိစေသည် ။

သီချင်းက 'ကစားခုန်စား'အပိုဒ်ကို ပြန်ကောက်ပြီး ဆုံးပါသည် ။

*****

(၉)

ကိုင်း သီချင်းတော့ ဆိုပြီးသွားပါပြီ။

လူ့ချွန်လူကောင်းဟု ခေါင်းစဉ်တပ်ထားသော ဤသီချင်းထဲမှာ မိမိအနေဖြင့် လူချွန်လူ ကောင်းနှစ်ဦး တွေ့နေရသည် ။ တစ်ဦးမှာ ယခုလက်ရှိ မိမိတို့ (လူကြီး)တွေ။ နောက်တစ်ဦးက မိမိတို့ မြေတောင်မြှောက်ကာ မြှင့်တင်ခြင်းအားဖြင့် ဖြစ်ပေါ်လာမည့် လူချွန်လူကောင်းလေးတွေ။

ဤသို့အားဖြင့်သာ မျိုးဆက်အနွယ်သည် တစ်ဆင့် တစ်ဆင့် မြင့်တက်သွားမည် ဖြစ်သည် ။ လူချွန်လူကောင်းကြီးများက လူချွန်လူကောင်းလေးများကို ဖော်ထုတ်သွားမည် ဖြစ်သည် ။

စိမ်းလဲ့လဲ့လယ်ကွင်းတွေက စဖွင့်လိုက်သော ဂီတမဟာပန်းချီကားသည် ဧရာမအံ့ဩမင် တက်ဖွယ် ရှုမျှော်ခင်း 'ပင်နိုရားမား'ကြီး ဖြစ်သွားသည် ။ ဒြပ်ရှိမှ သည် ဒြပ်မဲ့၊ မျက်မြင်မှ သည် စိတ်မြင်သို့ ကျယ်ပြန့်သွားသည် ။

ပထမ - လယ်ယာစိုက်ပျိုးရေးနှင့် စဖွင့်သည် ။ ပထမလှိုင်း

ဒုတိယ - စက်ရုံအလုပ်ရုံမြင်ကွင်း။ ဒုတိယလှိုင်း

တတိယ -        ပညာ။ တတိယလှိုင်း

ဆရာငြိမ်းသည် ပညာခေတ်ကြီးကို မြင်ယောင်ခဲ့ပုံရသည် ။

*****

(၁၀)

ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ဘာများ တုန်းဟု တစ်စုံတစ်ယောက်က မေးလာခြားအံ့ "ကမ္ဘာကြည့်ကြည့်တတ်၊ မြင်တတ်၊ ကြည့်နိုင်၊ မြင်နိုင်စွမ်းပေါ့ဗျာ"ဟု မိမိအနေဖြင့် မဆိုင်းမတွ ဖြေ တော့မည်ဖြစ်သည် ။

"လာ ကမ္ဘာကြည့်ကြည့်မြင်ဖို့ အတွက် မြို့မငြိမ်းရဲ့ လူချွန်လူကောင်းသီချင်းကို သီဆိုကြရ အောင်"ဟု ပြောရန် အဖြေရှာတွေ့ခဲ့ပြီ ဖြစ်ပါသည် ။

**ဩဂုတ်၊ ၂၀၀၀ ပြည့်နှစ်**

*****